*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှဝါကျဖွဲ့ဟန်လေ့လာချက်

တင်မိုး[၁]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှ ဝါကျဖွဲ့ဟန်တို့ကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများစာအုပ်မှ ပုဒ်ရေ(၁၃၁)ပုဒ်ရှိသည့်အနက် "တို့တောရွာ"၊ "စည်းစိမ်"၊ "ခေါးပြမ္ဗ"၊"ဗေဒါ"၊ "မင်းလတ်"၊ "တစ်ရာ့တစ်ဆယ်"၊ "ကင်းစောင့်"၊ "မြင်းတွေ"၊ "အင်းဝ"၊ "နယ်ပိုင်မင်း"(၁၀)ပုဒ်ကို အလေ့လာခံအဖြစ်သတ်မှတ်၍ မောင်ခင်မင်(ဓနုဖြူ)၏ "စကားပြေသဘောတရား စကားပြေအတတ်ပညာ" စာအုပ်ကိုနည်းနာယူကာ ဝါကျဖွဲ့ဟန်များကို စာပေရှုထောင့်ဖြင့်လေ့လာ တင်ပြထားပါသည်။ စာရေးသူ၏ထူးခြားသော ဝါကျဖွဲ့ဟန်များ၊ ဝါကျတိုများ၊ အမေးဝါကျများ၊ ကာရန်အချိတ်ဆက်အသုံးများ၊ ဟန်ချက်ညီအသုံးများစသည့် ပင်ကိုယ်ဟန်အသုံးများ ထူးခြားကောင်းမွန်ပုံတို့ကို သိစေလိုသောရည်ရွယ်ချက်ဖြင့် လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဤစာတမ်းပါ အချက်အလက်များသည် ဝါကျဖွဲ့ဟန်လေ့လာလိုသူများအတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** - စကားပြေ၊ ရေးဟန်၊ ရေးဟန်ပညာ၊ ဝါကျ၊ ဝါကျဖွဲ့ဟန်။

## နိဒါန်း

ဤစာတမ်းသည် ကိုလိုနီခေတ်စာပေလှုပ်ရှားမှုတွင်း ပေါ်ထွက်လာသော သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများစာအုပ်မှ(၁၀)ပုဒ်ကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ထိုအထဲမှစကားပြေရေးဟန်၏ တစ်စိတ်တစ်ဒေသဖြစ်သော ဝါကျဖွဲ့ဟန်ကို စာပေရှုထောင့်မှ လေ့လာတင်ပြထား သောစာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ယေဘုယျအားဖြင့် သတ်မှတ်ထားသော စကားပြေဖွဲ့စည်းပုံ အဆင့်တို့မှာ စကားအသုံးအနှုန်းအဆင့်၊ ဝါကျအဆင့်၊ စာပိုဒ်အဆင့်၊ စာတစ်ပုဒ်လုံးအဆင့်ဟူ၍ လေးမျိုးရှိသည့်အနက် စကားပြေဖွဲ့စည်းပုံကိုအခြေခံ၍ ဝါကျဖွဲ့ဟန်များကို လေ့လာတင်ပြထားပါသည်။

သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှ ဝါကျဖွဲ့ဟန်များကိုလေ့လာရာတွင် အောက်ဖော်ပြပါ မေးခွန်းကို အဖြေရှာရန်ရည်ရွယ်၍ ပြုစုခဲ့ခြင်းဖြစ်ပါသည်။

(၁)သိပ္ပံမောင်ဝ၏ စကားပြေရေးဟန် ထူးခြားကောင်းမွန်မှုများသည် ဝါကျရေးဟန်အပေါ် မူတည်နေပါသလား။

(၂)သိပ္ပံမောင်ဝ၏ ဝါကျရေးဟန်သည် အခြားစာရေးသူများနှင့်မတူဘဲ စာရေးသူ၏ သွင်ပြင်မှုရာကို ဖော်ပြနေပါသလား။

(၃)သိပ္ပံမောင်ဝ၏ ဝါကျရေးသားဟန် အမျိုးအစားများ မည်မျှရှိပါသနည်း။

ဟူသောမေးခွန်းများကို အဖြေရှာ၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

---

[၁] မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်

## စာပေလေ့လာဆန်းစစ်ချက်

ဤစာတမ်းတွင် စာတမ်းဆိုင်ရာကျမ်းများအဖြစ် ယခင်ကလေ့လာတင်သွင်းခဲ့သော ပါရဂူကျမ်းများကိုဖတ်ရှုလေ့လာခဲ့ပါသည်။ ဤစာတမ်းနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)၏ 'စကားပြေသဘောတရားစကားပြေ အတတ်ပညာ'၊ ဦးခင်အေးနှင့်မောင်ထင်တို့၏ 'မြန်မာစကားပြေစာတမ်းများ'၊ ဒဂုန်တာရာ၏ 'စာပေသဘောတရား ၊စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု'၊ ဦးဖေမောင်တင်၏ 'မြန်မာ ဝါကျဖွဲ့ထုံးကျမ်း'၊ မောင်ခင်မင်(ဓနုဖြူ)၏ 'ရေးဟန်ပညာနိဒါန်း'၊ ဒေါက်တာစိုးနိုင်၏ 'ဆရာဇော်ဂျီ၏စကားပြေရေးဟန်'၊ မမိုးမြေ၏ 'ဆရာဇော်ဂျီနှင့်ရသစာတမ်းရှင်တို့၏ တွေးဟန်ရေးဟန်များ' စသောစာပေသဘောတရားများကို ဖတ်ရှု၍ လေ့လာတင်ပြထားပါသည်။ ထိုစာအုပ် များမှ စကားပြေကောင်း၏သွင်ပြင်လက္ခဏာများနှင့်နမူနာများ၊ ရေးဟန်ပညာ၏သဘောများနှင့်အတူ စာပေကိုဝေဖန် ဆန်းစစ်ရာတွင် အသုံးပြုသောနည်းနာများ၊ ဝါကျဖွဲ့ဟန်နှင့်ရေးဟန်၊ ဝေဖန်ရေးသဘောတရားများကို သိရှိမှတ်သားရပါသည်။

ထို့အပြင် ဒေါက်တာခင်အေးနှင့် ဒေါက်တာအောင်မြင့်ဦးတို့၏ "သုတေသနအခြေခံ၊ သုတေသနပုံစံ"၊ ဒေါက်တာအောင်မြင့်ဦး၏"သုတေသနဟူသည်"စာအုပ်များကို လေ့လာခဲ့ပါသည်။ ထိုစာအုပ်များကို လေ့လာခြင်းဖြင့် သုတေသန၏သဘောနှင့် သုတေသန၏တန်ဖိုးများကို ကောင်းစွာနားလည်သဘောပေါက်လာပြီးလျှင် "သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်"ကို သုတေသနပြုရာတွင် အထောက်အကူပြုနိုင်ခဲ့ပါသည်။

## နည်းနာ

ဤစာတမ်းကိုသုတေသနပြုရာတွင် လေ့လာတင်ပြမည့်အချက်အလက်များ တိကျခိုင်မာမှုရှိစေရန်ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနဆိုင်ရာနည်းနာများကို အသုံးပြု၍တင်ပြသွားမည်ဖြစ်ပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာကိုလေ့လာရာတွင် သဘောသဘာဝနှင့်ပတ်သက်၍ ပညာရှင်များ၏ဖွင့်ဆိုချက်များနှင့် ပညာရှင်များ၏ ရသစာတမ်းများ၊ ဖန်တီးပုံနည်းနာများ၊ ရသစာတမ်းကို သုတေသနပြုခဲ့ကြသော ပါရဂူကျမ်းများကို လေ့လာ၍နည်းယူပါသည်။

### စကားပြေဟန်၏သဘောသဘာဝ

စကားပြေဟန်နှင့်ပတ်သက်၍ ပညာရှင်အသီးသီးက မိမိတို့သန်ရာသန်ရာ ရှုထောင့်အသီး သီးမှ အနီးစပ်ဆုံးအဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြပါသည်။ စကားပြေဟန်၊ ရေးဟန်ပညာဟူသော ဝေါဟာရသည်ပင် အင်္ဂလိပ်ဘာသာစကား ဟူသောစကားလုံးမှ ဘာသာပြန်ထားခြင်းပင်ဖြစ်ပါ 'စတိုင်၊ စတိုင်လစ်စတစ်' သည်။ ဤသို့ဘာသာပြန်ရာတွင် ရေးဟန်ဟုလည်းကောင်း၊ စကားပြေဟန်ဟုလည်းကောင်း၊ ရေးဟန်ပညာဟုလည်းကောင်း၊ ဟန်ဗေဒဟုလည်းကောင်း ဆီလျော်အောင် အမျိုးမျိုးပြန်ဆိုမှုများ ရှိနေပါသည်။

ရေးဟန်ပညာဆိုသည်မှာ လူတစ်ဦးချင်း၏ ရေးဟန်ကိုလည်းကောင်း၊ လူတစ်စုတစ်ဖွဲ့ချင်း၏ ရေးဟန်ကိုလည်းကောင်း၊ လူမျိုးတစ်မျိုး၏ရေးဟန်ကိုလည်းကောင်း လေ့လာသောပညာရပ်ဖြစ်သည် ဟုနားလည်နိုင်ပါသည်။ ရေးဟန်နှင့်ပတ်သက်၍ ရှုထောင့်မျိုးစုံမှ အဓိပ္ပာယ်ဖွင့်ဆိုကာ ချဉ်းကပ်လေ့လာခဲ့ကြသည်။

စီအက်ဖ် ဟော့ကက်ဆိုသူက ရေးဟန်နှင့်ပတ်သက်၍

> **တူညီသော ဘာသာစကားတစ်ခုမှ မြွက်ဆိုချက်နှစ်ခုသည် တူညီသောအသိအမြင်ကို အနီးစပ်ဆုံးပေးနိုင်ခဲ့ပြီး၊ ၎င်းတို့သည် ကွဲပြားသောဘာသာဗေဒ အစိတ်အပိုင်းများလည်း ဖြစ်နေလျှင် ယင်းတို့နှစ်ခုသည် မတူညီသော ရေးဟန်များဖြစ်သည်။**

ဟုလည်းကောင်း၊ တန်နာက-

> **ရေးဟန်ဟူသည် ဘာသာစကားအသုံးပြုမှုကွဲပြားခြားနားခြင်းအပေါ် အထူးဂရုစိုက် လေ့လာမှုပင်ဖြစ်သည်။**

ဟုလည်းကောင်း၊ အလန်ဝါနာကလည်း ရေးဟန်၏သဘောကိုဖွင့်ဆို၍ သဘာဝကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပုံမှာ

> **ရေးဟန်ဟူသည် တစ်စုံတစ်ဦး၏ အတွေးအခေါ်နှင့် ခံစားမှုများကို စကားလုံးများအား ဖြင့်ဖော်ပြပြုမူသော စာရေးခြင်းနည်းလမ်းတစ်ခုပင်ဖြစ်သည်။**

ဟုလည်းကောင်း၊ စိတ်အခြေအနေနှင့်ပတ်သက်၍ အီမာဆင်က

> **တစ်စုံတစ်ဦး၏ရေးဟန်သည် သူ၏စိတ်မှဖြစ်ပေါ်လာသော အသံပင်ဖြစ်သည်။ သူ့စိတ်သည်သစ်သားကဲ့သို့ မာကျောနေပါက သူ့အသံသည်လည်း သစ်သားကဲ့သို့မာကျော်နေပေမည်။**

ဟုလည်းကောင်း၊ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှုစာအုပ်တွင် ဒဂုန်တာရာက

> **ဟန်ဟူသော ဆိုသည်မှာ(စာပေဟန်)စာပေအရေးအသားတွင် စာရေးဆရာတစ်ယောက်၏ရေးသားပုံအမူအရာကို ဟုခေါ်ကြပေသည်။ စာပေဟန်သည် စာရေးသူ၏ 'စာပေဟန်' ပုဂ္ဂလိကအမူအရာဖြစ်ပေသည်။**

ဟုလည်းကောင်း ဆိုခဲ့ကြပါသည်။ ဤဖော်ပြချက်များအရ ရေးဟန်သည် မည်မျှအရေးပါကြောင်း သိသာနိုင်ပါသည်။ တူညီသောအကြောင်းအရာ တစ်ခုတည်းဖြစ်သော်လည်း စာဖတ်သူအပေါ်၌ ဝါကျတိုင်း၏ အဓိပ္ပါယ်ရောက်မှု မတူညီကြောင်း တွေ့ရပါသည်။

## သုတေသနဆိုင်ရာနည်းနာ

ဤစာတမ်းကိုလေ့လာရာတွင် စကားပြေသဘောတရားဆိုင်ရာ စာအုပ်စာတမ်းများ၊ သုတေသနကျမ်းများတွင်ပါဝင်သော စာပေနည်းနာများဖြင့်ချဉ်းကပ်၍ လေ့လာဖော်ထုတ်ထားပါသည်။ သရုပ်ဖော်

ဆန်းစစ်လေ့လာရာတွင် သုတေသနနည်းနာတစ်ခုဖြစ်သည့် ဖော်ထုတ်စိစစ်ခြင်း (Analysis)၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း (Interpretation)၊ တန်ဖိုးဖြတ်ခြင်း(Evaluation)ဟူသည့် AIE သီအိုရီကိုအသုံးပြု၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ဤသို့လေ့လာရာတွင် ယုတ္တိဗေဒနည်းဖြစ်သော ခြုံငုံသုံးသပ်ခြင်းနည်းကို အသုံးပြု၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

## သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှဝါကျဖွဲ့ဟန်လေ့လာချက်

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများမှ (၁၀)ပုဒ်၏ဝါကျဖွဲ့ဟန်ကို ရွေးချယ်၍ လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါအပုဒ်များတွင်

"စည်းစိမ်"သည် ကိုလိုနီခေတ်တွင်ဝန်ထောက်၊ မြို့အုပ်စသော ပညာတတ်များဆိုလျှင် အထင်ကြီးလေးစားတတ်ကြသော ခေတ်ကာလအကြောင်းနှင့် ထိုခေတ်ဝန်ထောက် တစ်ယောက်၏ အတွေးအမြင်တို့ကို ပုံပေါ်အောင်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

"ခေါ်ပြမှု"သည် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ၌မရှိပုံ၊ မိမိပြုလုပ်မိသည့် အမှားသည် ကွယ်ပျောက်သွားခြင်းမရှိပုံ၊ မိမိပြုခဲ့သည့်အမှားအတွက် တစ်မိသားစုလုံး ဒုက္ခရောက်ရပုံတို့ကို အကွက်ကျကျ ရေးဖွဲ့ပြထားသည်ကို တွေ့ရပါသည်။ အချိန်လွန်မှ နောင်တရခြင်းသည် အချည်း နှီးပင်ဖြစ်ပုံကို ခေါ်ပြမှုနှင့် တရားစွဲခံနေရသောသူများထဲမှ တရားခံယောကျ်ားတစ်ဦး၊ တိုက်ရာပါပစ္စည်းများကို လက်ခံထားသူဇနီးမယားနှင့် ဘာမျှမသိရှာသေးသော လူမမယ်သားလေးတို့၏ သနားဖွယ်ဖြစ်ရပ်တစ်ခုဖြင့် တင်ပြထားသည်ကို တွေ့ရပါသည်။

"မင်းလတ်"တွင် မင်းလတ်သည် ဧရာဝတီမြစ်ကြောအတိုင်း စုန်ချည်ဆန်ချည်သွားလာရင်း တစ်မြို့ဝင်တစ်မြို့ထွက်ဖြင့် တစ်ရက်တာကိုကုန်ဆုံးနေသော သင်္ဘောဖြစ်သည်။ မင်းလတ်ကိုကြည့်၍ တစ်ရက်တစ်ရက် ကုန်လွန်၍သွားသော်လည်း ထိုရက်တို့ကား ပြန်မလာနိုင်ပုံ၊ လူတို့၏အသက်တို့သာလျှင် သေရက်သို့နီးလာပုံ၊ မည်သည့်အရာမျှမမြဲ၊ အနိစ္စပင်ဖြစ်ပုံ ကိုသိမြင်စေပါသည်။ အရာတိုင်းသည် အမြဲတည်နေမည်မဟုတ်။ တစ်နေ့နေ့၌ ပျက်စီးရပေဦးမည်။ မိမိသာမဟုတ်၊ လောကတွင် မြင်မြင်သမျှလူသူသတ္တဝါ အရာဝတ္ထုအားလုံးတို့သည် ပျက်စီးကြရမည်ဖြစ်ပုံကို သတိသံဝေဂရဖွယ် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

"ဗေဒါ"သည် အခွန်တော်အတွက်၊ တိုင်းရေးပြည်ရေးအတွက် တစ်နေ့လုံးကြိုးစားနေရသောကြောင့် ပင်ပန်းနေသော ဝန်ထောက်မင်းသည် လူဆိုး၊ လူမိုက်များကိုဖမ်းရန် မိမိစာရေးကို ခေါ်ကာ အစုကလေးရွာသို့ သူကြီးနှင့်အတူ လိုက်သွားပုံ၊ ညသန်းခေါင်ကျော်သည်အထိ သင်္ဘောပေါ်တွင် မအိပ်နိုင်သေးဘဲ လူဆိုး(၁၀)ယောက်ခန့်နေသော တဲကလေးများကို စောင့်ကြည့်နေပုံ၊ ခွေးဟောင်သံကို ကြားရသောအခါမှ သေနတ်မေ့နေသည့် အဖြစ်ကိုသိရပုံ၊ ဤအချိန်တွင် လူဆိုးများမိမိထံအစုအဝေးနှင့်ရောက်လာလျှင် ခုခံစရာမရှိ၍ စိတ်အိုက်နေပုံ၊ ဂုဏ်တော်၊ အန္တရာယ်ကင်း ဂါထာတို့ကိုရွတ်၍ အခန်းထဲတွင် တစ်ကိုယ်လုံးချွေးရွှဲနေပုံ၊ စိတ်ကိုတည်ငြိမ်အောင်ထားကာ ကမ်းခြေတစ်လျှောက် ပေါက်

နေသော အပင်တို့ကိုကြည့်ရာ ဖြူဖွေးနေသောလရောင်အောက်တွင် တဖျပ်ဖျပ်နှင့် ဂယက်လေးများ ထနေသော ရေပြင်ပေါ်ဝယ် ဗေဒါပင်လေးများသည်အပွင့်လေးများ ကွက်ကြားပွင့်၍ကြည့်ကောင်းနေပုံ၊ ထိုဗေဒါသည် ရေတက်လျှင်ရေတက်နှင့်လိုက်ပါ၍ ရေကျလျှင်ရေကျနှင့်အတူ ဆင်းလာကာ၊ ကုန်းပေါ် တင်ပြန်လျှင်လည်း ကုန်းပေါ်မှာပင် ကြီးပွားနေကြပုံ၊ ဤသို့အတည်မကျရောက်လေရာတွင် ပျော်နေကြသောဗေဒါတို့ကိုမြင်၍ အားကျမိပုံကိုဖော်ပြထားသည်။ ဗေဒါကဲ့သို့သွားချင်ရာသွား၊ လာချင်ရာလာကာ ရောက်လေရာတွင် ပျော်ရွှင်စွာဘဝခရီးကို ဖြတ်သန်းနိုင်ကြစေရန် စိတ်ခွန်အားသစ်များဖြင့် ရှေ့ဆက်လျှောက်လှမ်းနိုင်ကြစေ ရန် အားမာန်ဖြည့်တင်းပေးထားသည်ကို တွေ့ရပါသည်။

"တို့တောရွာ"ဝတ္ထုဆောင်းပါးသည် နေပူကြဲကြဲ ဖုံတထောင်းထောင်းထနေသော ကမ်းပါးပေါ်တွင် သင်္ဘောအလာကိုစောင့်နေကြသော လူထုကြီးကိုမြင်ရသော် ယင်းသင်္ဘောပေါ်တွင် အမတ်ချုပ်ကြီးသော်လည်းကောင်း၊ ခရိုင်မင်းကြီးသော်လည်းကောင်း တစ်ယောက်ယောက်အား ကြိုဆိုရန်စောင့်စားနေကြသည်ဟု ထင်မိသော်လည်း မြို့သားတစ်ယောက် တက္ကသိုလ်ကျောင်းမှ ပြန်လာသည်ကို အထူးအဆန်းလုပ်ကာ အကြီးအကျယ်ကြိုဆိုကြခြင်းဖြစ်ပုံ၊ ထူးထူးချွန်ချွန် တက္ကသိုလ်ပြည်သို့စာသင်သွားပေသည်ဟု အားရနှစ်သက်ကာ ကြိုဆိုကြခြင်းဖြစ်ပုံ၊ တောရွာဓလေ့နှင့် မြို့ကြီးသားတို့ ဓလေ့ကွာခြားပုံ၊ တောအရပ်ဒေသ၏ ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ်ကောင်းပုံ၊ လောကတွင်နေတတ်လျှင် ကျေနပ်စရာဟူသည့်အတိုင်း ကိုယ့်ရပ်ရွာ၊ ကိုယ့်ဓလေ့နှင့်ရောင့်ရဲ နေထိုင်တတ်ကြပုံကိုရေးဖွဲ့ တင်ပြထားပါသည်။

"တစ်ရာ့တစ်ဆယ်" သည် ဘိန်းစား၊ လူဆိုး၊ သူခိုး ဖိုးချစ်အား ပုဒ်မ(၁၁၀)အရ စွဲချက်တင်၍ ဖမ်းသောအမှုဖြစ်သည်။ ထောင်သို့သွားရမည့်သူနှင့် စားရသောက်ရမဲ့ကျန်ရစ်မည့် ဇနီးနှင့်သမီးလေး အားသနားမိသော်လည်း မိမိဝတ္တရားကို ဆောင်ရွက်ရသည်ဖြစ်၍ ရှေ့လည်းမတိုးသာ၊ နောက်လည်း မဆုတ်နိုင်ဖြစ်နေသော ဝန်ထောက်မင်း၏ တွေဝေစဉ်းစားရခက်နေပုံတို့ကို ရေးဖွဲ့တင်ပြထားပါသည်။ ဘယ်သူမပြုမိမိမှုသာဖြစ်၍ မကောင်းမှုကို ရှောင်ကြဉ်တတ်ကြစေရန်၊ မိမိနှင့်မိသားစုအပေါ် တန်ဖိုးထားတတ်ကြစေရန်ဖော်ပြထားပြီး ကိုယ်ပြုသည့်ဒဏ် ကိုယ်သာခံရမည်ဖြစ်ပုံကို စာရေးသူ၏ အတွေ့အကြုံတို့ဖြင့် သတိပေးရေးဖွဲ့ပြထားပါသည်။

"ကင်းစောင့်"သည် နယ်ပိုင်ဝန်ထောက်မင်းစီး၍လာသော အစိုးရသင်္ဘောဖြစ်သည်။ ဘေးတွင် အိမ်ကဲ့သို့ပင် စားပွဲ၊ ကုလားထိုင်၊ ဘီရို၊ ခုတင်မှစ၍ အသုံးအဆောင်အပြည့်အစုံပါဝင်သော အိမ်သင်္ဘောဖြစ်သည်။ ဝန်ထောက်မင်း၏ရှေ့တော်ပြေးဖြစ်သော ကင်းစောင့်ဥသြသံကိုကြား သည်နှင့်ထိတ်လန့်ကြပုံ၊ လူခွန်တော်မပေးနိုင်၍ အဖမ်းခံရမည်စိုးသောကြောင့် ပြေးသူပြေး၊ ပုန်းသူပုန်းကြပုံတို့ကိုရေးဖွဲ့ပြထားပါသည်။ ကျပ်တည်းလှသည့်ကျေးရွာများတွင် လူခွန်မပေးဆောင် နိုင်၍အတိဒုက္ခရောက်ကြရပုံနှင့် အစိုးရဘဏ္ဍာငွေဖြစ်၍ ဝတ္တရားအရ ကောက်ခံရမည်ဖြစ်သောကြောင့် သနားခြင်းစိတ်ဖြင့် စဉ်းစားရကြပ်နေသော ဝန်ထောက်မင်းတို့၏အဖြစ်ကို ရေးဖွဲ့ပြထားပါသည်။

"မြင်းတွေ"ဝတ္ထုဆောင်းပါးသည် ဝန်ထောက်၊ သူကြီးမင်းနှင့်နောက်လိုက်တို့ မြင်းလေးစီးဖြင့်မောင်းနှင်လာကြရာ ရွာမှကလေးများအထူးအဆန်းဖြင့် ကြည့်ကြပုံ၊ ပျော်ရွှင်နေကြ၊ ထိတ်လန့်

နေကြပုံကိုဖော်ပြထားပါသည်။ ရွာမဝင်မီမိုးကြီးလေကြီးကျ၍ ဝတ်ထားသော အဝတ်များရွှဲကာ လူလေးယောက်တို့မှာလည်း နို့ဖွက်များပေနေ၍ လူရုပ်မပေါ်ကြပုံ၊ အများအမြင်တွင် ဝန်ထောက်မင်းတရားခွင်ထိုင်လျှင် ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်းအသစ်တို့ဖြင့် ကြော့မော့ကာထိုင်၍ ဘုရားထူးခံကြသည်ကို သာမြင်ဖူးကြသော်လည်း ယခုကဲ့သို့အဖြစ်ကို မြင်ဖူးကြမည်မဟုတ်ပုံကို ဖော်ပြထားပါသည်။

"နယ်ပိုင်မင်း"ဝတ္ထုဆောင်းပါးသည် ဆယ်ပေပတ်လည်အခန်းကျဉ်းလေးထဲတွင် တစ်နေကုန်အလုပ်ရှုပ်စိတ်ဗျာများနေသော နယ်ပိုင်မင်း၏အကြောင်းကို ရေးဖွဲ့ပြထားပါသည်။ ရှေ့တွင်ပုံနေသော အမှုတွဲများကြောင့် နယ်ပိုင်မင်းသည် စိတ်ပင်ပန်းစွာဖြင့် အလုပ်များကိုလုပ်နေစဉ် အမှုသည်များတစ်ယောက်ပြီးတစ်ယောက် ဝင်လာကြ၍ဖြေရှင်းရပုံ၊ လုပ်စရာများနေ၍ ဘယ်အရာကိုစကိုင်ရမည်မသိတော့ဘဲ ဝမ်းထဲဟာလာပုံ၊ ကိစ္စများတစ်မျိုးပြီးတစ်မျိုးဝင်လာ၍ စိတ်ရှုပ်ထွေးကာ ငိုချင်စိတ်ပင်ပေါက်လာပုံစသည်ဖြင့် နယ်ပိုင်မင်းတစ်ယောက်၏ဘဝကို တစ်နေ့တာအဖြစ်အပျက်လေးများဖြင့် တင်ပြထားပါသည်။

"အင်းဝ"ဝတ္ထုဆောင်းပါးတွင် စာရေးသူတို့နှင့်ဧည့်သည်များသည် တာဝန်ဖြင့် တံတားဦးသို့နယ်လှည့်သွားရာ ထိုမှအင်းဝသို့ရောက်ရှိခဲ့ကြပုံကို ရေးဖွဲ့ထားပါသည်။ ယခင်ကကြီးကျယ် ခမ်းနားခဲ့သော အင်းဝသည် ယခုအခါခမ်းနားခြင်းမရှိသော ရွာကလေးဖြစ်နေပုံ၊ လမ်းကြိုလမ်းကြားများ ဖြင့်လှည်းလမ်းများ ကြမ်းတမ်းပုံ၊ ယခင်ကအခိုင်အခံ့ရှိသော မြို့ရိုးနှင့်ကျုံးတို့မှာ ယခုအခါမြို့ရိုးပျက်နှင့် ရေမရှိသောချိုင့်ကြီးများဖြစ် ကာယာခင်းဘဝသို့ရောက်နေပုံ၊ ရွာကလေးအနီးတွင် ဘုရားပျက်၊ ကျောင်းပျက်၊ တန်ဆောင်းပျက်နှင့် ခပ်ယိုင်ယိုင်ဖြစ်နေသော မျှော်စင်ကြီးရှိနေပုံ၊ သို့သော် ပျက်စီးယိုယွင်းခြင်းမရှိသော ကျောင်းထိုင်ဘုန်းကြီးမရှိသော အုတ်ကျောင်းဖြူဖြူကြီးမှာ ကြီးမားခိုင်ခံ့၍ ပကတိတည်ငြိမ်လှပုံတို့ကို တင်ပြထားပါသည်။ အတိတ်ခေတ်အင်းဝ၏ထည်ဝါပုံနှင့် ယခုခေတ်အင်းဝ၏ သိမ်ငယ်နေပုံတို့ကိုဖော်ပြရင်း အင်းဝနန်းမြေကို နှမြောတမ်းတဖြစ်ကာ ပြုပြင်စေလို သောစာရေးသူ ၏အမြင်တို့ကို ရေးဖွဲ့ ပြထားပါသည်။

အထက်ပါဝတ္ထုဆောင်းပါးများမှ ဝါကျဖွဲ့ဟန်များကို လေ့လာသောအခါ အောက်ပါဖွဲ့ဟန်ထူးခြားမှုအချက်များကို လေ့လာတွေ့ရှိရပါသည်။

## ဝါကျတိုများသုံးစွဲမှု

သိပ္ပံမောင်ဝ၏ စကားပြေဟန်တွင် ဝါကျတိုများသုံးစွဲမှုသည် ထူးခြားချက်တစ်ခုပင်ဖြစ်သည်။ ခေတ်စမ်းပုံပြင်များ ပေါ်ပေါက်ချိန်ကာလနှင့် ယင်းမတိုင်မီ ကာလပေါ်ပေါက်ခဲ့သော စကားပြေများတွင် စာရေးသူအများစုသည် ဝါကျရှည်များကို အဓိကထားသုံးစွဲခဲ့ကြသည်ကို တွေ့ရပါသည်။ သိပ္ပံမောင်ဝအပါအဝင် ခေတ်စမ်းကိုတည်ထောင်သူများကမူ လိုရင်းတိုရှင်းစကားပြေဖြစ်စေရန် ဝါကျတိုများကိုအဓိကထားသုံးစွဲကြသည်။ အထူးသဖြင့် အကြောင်းအရာနှင့် အဖြစ်အပျက်ပေါ်မူတည်၍ ဝါကျများကိုအတိုအရှည် သုံးစွဲကြကြောင်းတွေ့ရပါသည်။ ထို့ကြောင့် သိပ္ပံမောင်ဝ၏ ဝါကျတိုများသုံးစွဲမှုသည် ထိုခေတ်ထိုကာလအနေဖြင့် ထူးခြားသောရေးဟန်တစ်ခု ဖြစ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

'ဗေဒါ' ဝတ္ထုဆောင်းပါးတွင် လူဆိုး၊ လူမိုက်ဖမ်းရန် အစုကလေးရွာသို့ ရောက်ရှိနေသော ဝန်ထောက်မင်းသည် တိတ်ဆိတ်နေသော သန်းခေါင်ချိန်၌လူဆိုး(၁၀)ယောက်ခန့်နေသော တဲအိမ်များကို စောင့်ကြည့်နေရင်း ရုတ်တရက်လူဆိုးများ အစုလိုက်ဝင်လာခဲ့သည်ရှိသော်ဟု အတွေးဝင်လာပုံကို ရေးဖွဲ့ထားသောစာပိုဒ်မှ ဝါကျတိုများကို လေ့လာရာတွင်-

> **မိမိသေနတ်ကိုရှာ၏။ မတွေ့။ အိမ်တွင်မေ့နေခဲ့လေသည်။ မိမိအစေခံလည်း အိပ်နေပေပြီ။ အခြားဘက်မှလည်း မိမိစာရေးနှင့်သဘော်သားတို့ အသံကိုမကြားရ။ စိတ်အိုက်လျက်နေ၏။ ထိုတဲကလေးများကိုသာလျှင် စိုက်၍ကြည့်နေပေ၏။ ထိုလူဆိုးများမိမိရောက်ကြောင်းကို သိမည်ကားမလွဲ။ မိမိကိုကြောက်၍ ပြေးကြကုန်မည် ဖြစ်လေသည်။ ပြေးကြကုန်လျှင်တော်ပေ၏။ မပြေးဘဲမိမိထံသို့ လူစုလူဝေးနှင့်လာက မခက်ပေလော။ ခုခံစရာသေနတ်လည်း အိမ်၌ကျန်နေခဲ့လေပြီ။ ဟာ ကိစ္စမရှိ။ သေတစ်နေ့မွေးတစ်နေ့။ မင်းဖြစ်နေမှ လူဆိုးကြောက်စရာမရှိ။ မိမိစိတ်ကိုရဲဆေးတင်၏။ ဂုဏ်တော်ကိုရွတ်၏။ အန္တရာယ်ကင်း ဂါထာကိုရွတ်၏။** (ဗေဒါ၊ စာ-၁၄၁)

ဟူ၍ရေးဖွဲ့ထားပါသည်။ အရေးပိုင်၊နယ်ပိုင်တစ်ဦး၏ လူဆိုးများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော စိတ်အတွင်းအခြေအနေကို ဝါကျတိုများသုံးကာ တင်ပြထားသည်ကို တွေ့ရပါသည်။

ဆက်လက်၍ 'တစ်ရာ့တစ်ဆယ်' ဝတ္ထုဆောင်းပါးတွင် ဘိန်းစားများကိုဖမ်းရန် နယ်ပိုင်ဝန်ထောက်မင်း၏သဘော်ာ ကျွဲခြံရွာသို့ဆိုက်ကပ်သည်နှင့် ရွာထဲရှိဘိန်းစားများ ပုန်းရှောင်နေကြ သော်လည်း သဘော်ာဆိုက်သည်ကိုမသိရှာသော ဘိန်းစားဘိုးမှန်အိမ်သို့ သူကြီးနှင့် ဆယ်အိမ်ခေါင်း ဝင်လာသည့် အပိုဒ်ကို ဝါကျတိုများဖြင့် တင်ပြရာတွင်-

> **ဘာကိစ္စလာသလဲဟု သူကြီးအားမေး၏။ နယ်ပိုင်ကတွေ့လို၍ခေါ်ကြောင်းနှင့်ပြန်ပြော၏။ ခက်ပြီ။ ဘယ်တုန်းကများ ရောက်နေပါလိမ့်။ သူကြီးလိမ်သလားမသိ။ အတည်ပြောနေပုံရသည်။ ဘိုးချစ်လည်းဘယ်လိုလုပ်ရမည်မသိ။ တွေဝေလျက်နေ၏။ ဝန်ထောက်မင်းခေါ်သည်မှာ အကြောင်းတစ်ကြောင်းသာရှိ၏။ ဘယ်သူများသွားတို့လိုက်ပါလိမ့်မလဲ။ သူကြီးအပြင်ဘယ်သူမျှမရှိ။ သူကြီးသာလျှင် မိမိ၏ပျက်စီးရာဖြစ်ပေသည်။** (တစ်ရာ့တစ်ဆယ်၊ စာ ၁၄၅)

ဟူ၍ ကျော်ဇောသတင်းထွက်သူတစ်ဦး၏ နယ်ပိုင်အဖမ်းခံရမည်ကို ကြောက်ရွံ့ထိတ်လန့်နေသည့် အခြေအနေကို ဝါကျတိုများအသုံးပြု၍ စိတ်အစဉ်အတိုင်း ဖျပ်ကနဲဖျပ်ကနဲ တင်ပြထားသည်ကိုတွေ့ရပါသည်။ ဤနေရာ၌ ဝါကျရှည်များအသုံးပြုပါက ထိတ်လန့်မှု စိတ်အခြေအနေသည် ဤသို့ပေါ်လွင်ချင်မှပေါ်လွင်ပေမည်။ ထို့ကြောင့် သိပ္ပံမောင်ဝ၏ ဝါကျတိုများသည် ထူးခြားပြီး တာသွားသည်ဟု ဆိုနိုင်ပါသည်။

**မေးခွန်းဝါကျသုံးစွဲမှု**

သိပ္ပံမောင်ဝသုံးစွဲသည့် ဝါကျများထဲတွင် မေးခွန်းဝါကျများသည်လည်း ထူးခြားမှုရှိသည်ဟုဆို နိုင်ပါသည်။ ဤဝတ္ထုဆောင်းပါးများထဲတွင် စာဖတ်သူအပေါ်၌ မေးခွန်းထုတ်သည့် သဘောမျိုးဖြင့် သော်လည်းကောင်း၊ တစ်ကိုယ်တည်းပြောစကားအဖြစ် လည်းကောင်း မေးခွန်းဝါကျများ သုံးစွဲ ထားသည်ကို တွေ့ရပါသည်။

**ဤသို့ တစ်ယောက်တည်း၊ အိမ်အသုံးအဆောင်အနည်းငယ်မျှ အစေခံတစ်ယောက် နှစ်ယောက် မျှနှင့် နေထိုင်ရသည်ကို မည်သူနှစ်သက်ပါအံ့နည်း။** (စည်းစိမ်၊ စာ-၅၄)

**ဤစည်းစိမ်ထက် အဘယ်စည်းစိမ် သာနိုင်ပါအံ့နည်း။** (စည်းစိမ်၊ စာ-၅၇)

**ဘာကြောင့်လာပါလိမ့်။** (တစ်ရာ့တစ်ဆယ်၊ စာ-၁၄၅)

**အဘယ်ကြောင့်နယ်ပိုင်ဝန်ထောက်မင်းပေါက်လာသနည်း။**(တစ်ရာ့တစ်ဆယ်၊ စာ-၁၄၆)

**ဤစားရမဲ့သောက်ရမဲ့နှင်းမြိုင်နှင့် သူ၏သမီးကလေးမှာ မည်မျှပူဆွေး၍ နေကြမည် နည်း။** (တစ်ရာ့တစ်ဆယ်၊ စာ-၁၄၇)

**ထောင်အတွင်း၌ မိမိမည်သို့ နေရပါမည်နည်း။** (ခေါးပြမှု၊ စာ-၆၁)

**ဦးကျော်ဖံကဲ့သို့မိမိကိုယ်တိုင်ဖြစ်နေပါက မည်သို့နေအံ့နည်း။**(ကင်းစောင့်၊ စာ-၁၆၁)

**ထိုလူလေးယောက်၏ တိုင်းရေးပြည်ရေးအကြောင်းကိုပင် နားစွင့်ကာထောင်နေ ပါသလော။** (မင်းလတ်၊ စာ-၁၁၇)

**ဆွေးနွေးတိုင်ပင်နေကြသလား မည်သူသိနိုင်အံ့နည်း။** (ဘေဒါ၊ စာ-၁၄၁)

**အဘယ်သို့လုပ်ရအံ့နည်း။** (နယ်ပိုင်မင်း၊ စာ-၁၈၅)

**လိုက်နာရသောသူအချို့အား မည်မျှခက်နေရပါသနည်း။** (နယ်ပိုင်မင်း၊ စာ-၁၈၆)

ဟူ၍ရေးဖွဲ့ထားပါသည်။ ဤသို့ မေးခွန်းဝါကျများသုံးစွဲမှုသည် အခိုင်အမာပြောလိုမှု၊ သံသယဝင်မှု၊ သိလိုမှုတို့ကို ဖော်ပြနိုင်သည်ကိုတွေ့ရပါသည်။ မေးခွန်းဝါကျများသည် စာဖတ်သူအား စာရေးသူနှင့် အနီးစပ်ဆုံးဆွဲခေါ်နိုင်သည့် စွမ်းရည်ရှိသော ဝါကျဖွဲ့ဟန်များပင်ဖြစ်ပါသည်။

**မေးဖြေရေးဟန်ဝါကျသုံးစွဲမှု**

သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများတွင် မေးခွန်းဝါကျများကို အသုံးပြုရာ၌ အမေးဝါကျ တစ်ခု၊ အဖြေဝါကျတစ်ခု ထပ်၍ရေးသည့် မေးဖြေရေးဟန်ဝါကျများ သုံးစွဲမှုသည်လည်း ထူးခြားသည်ဟု ဆိုနိုင်ပါသည်။

"နယ်ပိုင်မင်း"ဝတ္ထုဆောင်းပါးတွင် တစ်ခန်းလုံးနေရာမလပ်ပြည့်နေသော အမှုတွဲများကို ကြည့်၍ စိတ်ပင်ပန်းနေချိန်တွင် အင်္ကျီညစ်ညစ် လုံချည်ညစ်ညစ် ဆံပင်စုတ်ဖွားနှင့် အခန်းတွင်း သို့မိန်းမ တစ်ယောက်ဝင်လာပုံကို မေးဖြေဝါကျဟန်ဖြင့် ရေးဖွဲ့ထားပုံမှာ-

> **အသူနည်း။ မဘုမဖြစ်ပါသည်။ အဘယ်ကြောင့်လာပါသနည်း။ မနေ့က မရွှေသောင်း၏ ခွေးနက်ကြီးက မိမိအားကိုက်သောကြောင့် တရားစွဲရန်ဖြစ်ပါသည်။ ကိုက်တတ်သော ခွေးကိုမွေးထားပြီး အဘယ့်ကြောင့် ကောင်းစွာမထိန်းထားပါသနည်း။ ဤအမှုကား လူကြီးရုံးနှင့်သင့်တော်၏။** (နယ်ပိုင်မင်း၊ စာ-၅၉)

ဟူ၍ဖော်ပြထားပါသည်။ မေးဖြေရေးဟန် ဝါကျသုံးစွဲမှုသည်သိလိုခြင်း၊ အမှုတွဲ၌တွေ့ခြင်းတို့ အပေါ်တွင် တည်ရှိကြောင်းတွေ့ရပါသည်။ မိမိသိထားပြီးဖြစ်သောအကြောင်းကို ပြန်၍တွေးနေဟန် ရေးထားခြင်း ဖြစ်သည်။ အမေးနှင့်အဖြေဝါကျနှစ်မျိုးကို တွဲ၍ရေးခြင်းဖြင့် စာဟန်ဆန်းသစ်ပြီး စိတ်ဝင်စားဖွယ် ဖြစ်စေသည်။

"ကင်းစောင့်"ဝတ္ထုဆောင်းပါးတွင် ကင်းစောင့်၏ဥ ဩသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် လူခွန်မဆောင်ရသေးသောသူတို့မှာ မျက်လုံးပြူးလျက် ငွေအမျိုးမျိုးရှာနေကြပုံ၊ ချေးသူချေး၊ ကြက်ပေါင် သူတို့ပေါင်၊ ဝက်ပေါင်သူတို့ပေါင်၊ မိမိတို့ဝမ်းစာအတွက်ထားသော စပါး၊ ငါးပိတို့ကို ပေါပေါနှင့် ရောင်းစားသူတို့က ရောင်းစားကြပုံမြင်ကွင်းကို

> **ဟော-ကြည့်ပါဦး။ လူတွေ ဝက်ကြီးတစ်ကောင်ကို တန်းလန်းတန်းလန်းနဲ့ဆွဲလာတာ ဘာလုပ်မလို့ပါလိမ့်။ ဝက်ကြီးကို လူခွန်တော်အဖြစ် ဆောင်မလို့ထင်ပါရဲ့။ ဝန်ထောက် မင်းမြင်ရင် အကန်ခံရတော့မှာပဲ။ ဟ-မဟုတ်ဘူး။ တရုတ်ခေါက်ဆွဲဆိုင် ထဲဝင်သွားပြီ။ ဆိုင်မှာသွားရောင်းတယ်ထင်ပါရဲ့။ ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ ဟော-ငွေ ငါးကျပ်ကိုင်ပြီး ထွက်လာ။ ပြုံးလို့ပါလား။** (ကင်းစောင့်၊ စာ-၁၆၁)

ဟူ၍ဖော်ပြထားပါသည်။ လူခွန်ဆောင်ရန်အတွက် ဝက်သွားရောင်းသူတစ်ဦး၏ လှုပ်ရှားမှုဟန်ပန် အလုံးစုံကို မြင်သာထင်ရှားစေပါသည်။ ဤသာကေပါ ဝါကျများသည် ဇာတ်ဆောင် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်တစ်လှည့်စီ မေးဖြေနေခြင်းမဟုတ်ဘဲ ဇာတ်ကြောင်းပြောသူ တစ်ဦးတည်းက စဉ်းစားရင်း မေးဖြေနေခြင်းဖြစ်ပါသည်။ မေးဖြေဝါကျ၏ ထူးခြားသော ဝါကျဖွဲ့ဟန်ဖြစ်ပါသည်။ ထိုဝါကျ ဖွဲ့ဟန်က အကြောင်းအရာကို ပို၍သက်ဝင်လှုပ်ရှားစေပါသည်။ သရုပ်ဖော်အဖွဲ့ကောင်း အသွင်ဆောင်စေပါသည်။

## ဟန်ချက်ညီဝါကျများသုံးစွဲမှု

ဝါကျအတွင်းရှိ အစိတ်အပိုင်းများကို အလေးအပေါ့ညီအောင် မဲတင်းကာရေးဖွဲ့လျှင် ထိုဝါကျ မျိုးကို ဟု'ဟန်ချက်ညီဝါကျ' ခေါ်ပါသည်။ သိပ္ပံမောင်ဝသည် ဟန်ချက်ညီဝါကျများတွင် နာမ်ချင်း၊ နာမဝိသေသနချင်း၊ ကြိယာချင်း၊ ကြိယာဝိသေသနချင်း၊ နောက်ဆက်ချင်း၊ ပုဒ်စုချင်းစသည်ဖြင့် ပုံစံတူစကားစုများဖြင့် ဟန်ချက်ညီအောင် ရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။ သိပ္ပံမောင်ဝသည် ဟန်ချက်ညီဝါကျများကို ဝတ္ထုဆောင်းပါးများ၌ ထည့်သွင်းသုံးစွဲမှုကြောင့် ဝါကျများသည် ပို၍ထိရောက် ထက်မြက်မှုရှိလာသည်ဟု ဆိုရပေမည်။

သာကေအားဖြင့် "တို့တောရွာ"ဝတ္ထုဆောင်းပါးတွင် ကျေးလက်နေသူတို့သည် ကားစီးချင်သော စိတ်မရှိ၊ ပညာတတ်လိုစိတ်မရှိ၊ စိန်၊ ရွှေဝတ်ချင်သောစိတ်မရှိ၊ ရှိသမျှနှင့်ရောင့်ရဲ တင်းတိမ်စွာနေကြပုံ၊

ဖုံတထောင်းထောင်းနှင့် လမ်းပေါ်မှာလှည်းကြမ်းကြီးကို စီးရလျှင်ပင် နတ်ပြည်က ဝေဇယန္တာရထားကို စီးရသည်ဟုထင်ကာ၊ လှည်းဘီးမှတအီအီ မြည်နေသောအသံကိုလည်း ပဥ္စသိခ်နတ်သား၏ စောင်းသံဟုမှတ်ထင်ကြပုံကို-

> **စားရသမျှ၊ ကြားရသမျှ၊ သွားရသမျှတို့နှင့်ပင် ကျေနပ်ရှာကြကုန်၏။ လောကတွင် ကျေနပ်လျှင် စိတ်ချမ်းသာ၊ စိတ်ချမ်းသာလျှင် သုခကြီးပင်တည်း။** (တို့တောရွာ၊ စာ-၃၀)

ဟူ၍လည်းကောင်း၊ "အင်းဝ"ဝတ္ထုဆောင်းပါးတွင် နယ်ပိုင်ဝန်ထောက်မင်းအား အင်းဝမြို့တွင်းသို့ လိုက်ပို့ပေးသော သူကြီး၏မော်တော်ကားမှာ စပေါ်စကဖြစ်ဟန်တူပုံ၊ နံပါတ် ၁၀၀၀ ကျော်မျှဖြစ်၍ အရွယ်ကျနေပြီဖြစ်သောကြောင့် ငယ်ရုပ်မပေါ်ပုံကို ဖော်ပြရာတွင်-

> **ကိုယ်တော်တစ်ခုလုံး ပိန်သည့်နေရာကပိန်၊ ယိုင်သည့်နေရာယိုင်၊ ကျိုးသည့်နေရာက ကျိုး၊ ပွဲသည့်နေရာကပွဲ တကဲ့ကားဟောင်းကြီးဖြစ်လေသည်။** (အင်းဝ၊ စာ-၃၃)

ဟူ၍လည်းကောင်း ဝါကျရှည်အတွင်း၌ ပုံစံတူဟန်ချက်ညီအဖွဲ့များထည့်သွင်း၍ ကားကြီး၏ ပုံပန်းသဏ္ဌာန်ကို ပေါ်လွင်အောင် ရေးဖွဲ့ပြထားပါသည်။ ထို့ပြင်မယ်နု အုတ်ကျောင်းသို့ ရောက်သောအခါ ကျောင်းကြီးမှာ ပျက်စီးယိုယွင်းခြင်းမရှိ ပကတိတည်ငြိမ်ကာ လက်ရာမပျက် အခိုင်အခံ့တည်ရှိနေပုံကို ဖော်ပြရာတွင် နရီသဘောပါသော ပုံစံတူအဖွဲ့များကိုသုံး၍

> **ကြီးကလည်းကြီး၊ ခိုင်ကလည်းခိုင်၊ ခံ့ကလည်းခံ့၊ အင်မတန့်ကျောင်းကြီးဖြစ်လေသည်။**
> (အင်းဝ၊ စာ-၃၄)

ဟူ၍လည်းကောင်း၊ အနီးအနားတွင်ရှိသော ဇရပ်၊ ကျောင်း၊ ဘုရားတန်ဆောင်းများတို့သည်လည်း ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်နှက်နေပုံကို-

> **ချုံကွယ်နေသော ဘုရားလည်းရှိ၊ နွယ်ပတ်နေသော ဘုရားတို့လည်းမရှား၊ ပျက်ပြား နေသည်တို့ကလည်း အထွေထွေ။ (အင်းဝ၊ စာ-၃၄)**

ဟူ၍လည်းကောင်း ပြုပြင်မှုမရှိ ဟောင်းနွမ်းနေသော ဘုရားစေတီတို့ကို မြင်သာအောင် ရေးဖွဲ့ထားပါသည်။

"မင်းလတ်" ဝတ္ထုဆောင်းပါးတွင် သင်္ဘောပေါ်မှနေ၍ ဖူးတွေ့ရသော စေတီတော်၊ ပုထိုးတော်တို့ကား မရေတွက်နိုင်အောင်ပင် များပြားလှပုံကိုဖော်ပြရာတွင်-

> **သည်မှာကားအာနန္ဒာ၊ ထိုမှာကား ရွှေဂူကြီး၊ ထိုအနီးကား သဗ္ဗညု၊ ထိုရှေ့ကား စူဠာမဏိ၊ ထိုကွေ့တွင်ကား လောကနန္ဒာ၊ ထိုထိုသောဘုရားတို့ကား၊ ဓမ္မရံကြီး၊ ဓမ္မ ရာဇိက၊ မင်္ဂလာစေတီအစရှိသဖြင့် များလှထွေထွေရေတွက်၍ပင်မကုန်နိုင်။**
>
> (မင်းလတ်၊ စာ-၁၁၆)

ဟူ၍ ပုဂံကမ်းပေါ်တွင် မားမားစွင့်စွင့် မြင့်မြင့်စောက်စောက် ကျောက်အုတ်တို့ဖြင့်ပြီးသော စေတီပုထိုးတို့ကားကူးတို့သင်္ဘောကလေး ဖြတ်၍သွားသည်ကို အမှုမထားဣန္ဒြေသိက္ခာ ကြီးမားစွာနှင့်တည်နေတော်မူပုံကို ရေးဖွဲ့ပြထားပါသည်။

"မြင်းတွေ" ဝတ္ထုဆောင်းပါးတွင် ကျောင်းကုန်းရွာရှိကလေးများသည် မြင်းများကိုမြင်သောအခါ ဆူညံစွာ အော်ဟစ်နေကြပုံကို ဝါကျရှည်အတွင်း၌ ပုံစံတူ ဟန်ချက်ညီအဖွဲ့များကိုသုံး၍

**မိဘများအား ခေါ်ပြလိုပြ၊ အချင်းချင်း လက်ညိုးထိုးကာပြလိုပြ၊ လမ်းဘေးမှအိမ်ဝင်း အတွင်းဝင်ပြေးသူပြေး၊ လမ်းထဲတွင် ပြေးလွှားကစားနေကြသော ကလေးများကို မနိုင့်တနိုင်နှင့်ချီပွေ့သွားသူသွား၊ ပျော်လည်းပျော်ကြ၊ အံ့လည်းအံ့သြကြ၊ ကြောက်လည်း ကြောက်ကြလေသည်။** (မြင်းတွေ၊ စာ-၁၇၃)

ဟူ၍ ကလေးများ၏စိတ်ထဲတွင် ပျော်မြူးကြောက်ရွံ့နေကြပုံ အမူအရာအမျိုးမျိုးကို ဖော်ပြထားပါသည်။

ထို့ပြင် "နယ်ပိုင်မင်း"ဝတ္ထုဆောင်းပါးတွင် နယ်ပိုင်မင်း၏စားပွဲပေါ်၌ စာရွက်များ၊ အမှုတွဲများဖြင့် ရှုပ်နေသည်မှာ အပ်ချစရာပင် နေရာလပ်မရှိပုံကို ဖော်ပြရာတွင်-

**အနီးရှိကုလားထိုင်တွေမှာလည်း အလွတ်မရှိ၊ အနားရှိဗီရိုပေါ်တွင်လည်း အလွတ်မရှိ၊ ကြမ်းပြင်ပေါ်တွင်လည်း အလွတ်မရှိ။ များလိုက်ဘိဖြစ်ခြင်း။** (နယ်ပိုင်၊ စာ-၁၈၃)

ဟူ၍လည်းကောင်း၊ ဝတ္ထုဆောင်းပါးတွင် ကင်းစောင့်ဟုအမည်ပေးထားသော နယ်ပိုင်မင်း"ကင်းစောင့်" ၏ ရှေ့တော်ပြေးသင်္ဘောဖြစ်ပုံ၊ ထိုသင်္ဘောလာသည်နှင့် ရွာတွင်းရှိကလေးအပေါင်း သောင်းသောင်းဖြဖြ၊ ကမ်းနဖူးသို့ပြေးဆင်း၍လာကြပုံကို ရေးဖွဲ့ရာတွင်-

**တစ်ယောက်ကိုတစ်ယောက် တွဲသူတွဲ၊ ပိုးသူပိုး၊ ချီသူချီ၊ ရယ်သူရယ်၊ လက်ပြသူပြ၊ ပျော်လိုက်တဲ့ဖြစ်ခြင်း။** (၁၅၉-ကင်းစောင့်၊ စာ)

ဟူ၍လည်းကောင်း၊ ကလေးများကပျော်နေကြသော်လည်း လူကြီးများမှာမူ ထိတ်လန့်နေကြပုံကို

**ဘယ်သို့လုပ်ရမှန်းမသိ။ ပြေးရကောင်းနိုးနိုး၊ ဟုတ်၍ပင်ပြေးသလိုလို၊ မပျက်နေရကောင်းနိုးနိုး၊ အကယ်၍ဖမ်းက မခက်ပေလော။** (၁၅၉-ကင်းစောင့်၊ စာ)

ဟူ၍လည်းကောင်း ရေးဖွဲ့ထားပါသည်။ ကင်းစောင့်၏ဩဇာသံကိုကြားသည်နှင့် လူခွန်မဆောင်ရသေးသောသူတို့မှာ မျက်လုံးပြူး မျက်ဆန်ပြူးလျက် ဖြစ်နေကြပုံကို ဖော်ပြထားပါသည်။

"အင်းဝ"ဝတ္ထုဆောင်းပါးတွင် မယ်နုအုတ်ကျောင်းကြီးသည် ကျောင်းထိုင်မရှိ၍ ပျက်စီးယိုယွင်းခြင်းမရှိသော်လည်း လင်းနို့တို့၏အနံ့တို့ကြောင့် နံစော်နေပြီး လင်းနို့များကျက်စားရာနေရာ ဖြစ်နေပုံကို-

**ဝင်လိုဝင်၊ ထွက်လိုထွက်၊ တက်လိုတက်၊ ဆင်းလိုဆင်း။ ခပ်ပြင်းပြင်းပင် လှမ်းခဲ့ကြလေသည်။** (အင်းဝ၊ စာ-၃၄)

ဟူ၍လည်းကောင်း၊ "ဇေဒါ"ဝတ္ထုဆောင်းပါးတွင် မောင်လူအေးအလုပ်ဝင်၍များမကြာမီ စပါးဈေး များကျ၊ သူပုန်တွေထ၊ အနယ်နယ်တွင် လူဆိုးတွေကကြွနှင့် ကြုံကြိုက်နေချိန် မိမိပိုင်နယ်များအား အခွန်ကောက်ရန် သတင်းထောက်လှမ်းပုံကို

**တင်းတင်းပျော့ပျော့၊ ချော့တန်ချော့၊ ခြောက်တန်ခြောက်၊ ဆူတန်ဆူ၊ ပူတန်ပူ လုပ်၍လာခဲ့သည်။** (ဇေဒါ၊ စာ-၁၃၉)

ဟူ၍လည်းကောင်း ရေးဖွဲ့ထားသည်။ အခွန်ကိုအတင်းအကျပ်ကောက်၍ မရသောအချိန်တွင် အခြေအနေကြည့်၍ ကောက်ခံရကြောင်း ဖော်ပြထားပါသည်။

ဤသို့ ဝါကျများကို ဟန်ချက်ညီအောင်ရေးခြင်းသည် စာဟန်ကိုပြေပြစ်မှု ရှိစေကြောင်းတွေ့ရပါသည်။ သာဓကအားဖြင့် မှ"အင်းဝ"

**"ကိုယ်တော်တစ်ခုလ ပိန်သည့်နေရာပိန် (ပိန်)၊ ယိုင်သည့်နေရာကယိုင် (ယိုင်) ကျိုးသည့်နေရာကကျိုး(ကျိုး)၊ ပွဲသည့်နေရာကပွဲ(ပွဲ) တကွဲကားဟောင်းကြီး ဖြစ်လေသည်"**

ဟူသောဝါကျဖွဲ့ဟန်၌ ပိန်၊ ယိုင်၊ ကျိုး၊ ပွဲ ဟူသောစကားလုံး(၄)လုံးကို "သည့်နေရာက"ဟူသောစကားစပ်ဖြင့် နိမ့်မြင့်သံပါအောင် ဟန်ချက်ညီညီဖွဲ့နိုင်ခြင်းသည် စာဟန်ကိုပြေပြစ်စေရုံသာမက အသံသာခြင်း၊ စာကိုဆက်ကာဆက်ကာ ဖတ်ချင်အောင် ဆွဲဆောင်မှုရှိခြင်းတို့ကို ဖြစ်စေသည်ဟု ဆိုချင်ပါသည်။

## ဝါကျနောက်ဆက်သုံးစွဲမှု

သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများတွင် ဝါကျနောက်ဆက်များသည် တစ်မူထူးခြားသည်ဟု ဆိုရပေမည်။ သိပ္ပံမောင်ဝ၏ ဝါကျနောက်ဆက်များမှာ အသွင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ စာရေးသူသည် ရေးဟန်ထက်ပြောဟန်ကို ပို၍အားသာသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ရေးဟန်သုံးဖြစ်သည့် ဝါကျနောက်ဆက်၊'သည်' '၏' တို့ကို သာမန်အရေအတွက်မျှသာ သုံးစွဲကြောင်းတွေ့ရပါသည်။ ထို့ပြင်ပြောဟန်သုံး နောက်ဆက်အမျိုးမျိုးကို လည်းမထပ်အောင်သုံးစွဲထားကြောင်းတွေ့နိုင်ပါသည်။ တစ်ခါတစ်ရံ သီးခြားနောက်ဆက်မထည့်ဘဲ ကြိယာအဆုံးသတ်ဖြင့်ပင်ချထားကြောင်း ထူးခြားမှုများအဖြစ် တွေ့မြင်ရပေသည်။ သာဓက-

- **သို့ရာတွင်သူ့နေရာနှင့် သူနေတာ ထင်ရာလုပ်ကြတမ်းပေ ပလေ။** (တို့တောရွာ၊ စာ-၂၉)
- **ထိုအမှုကား ခါးပြမှုတည်း။** (ခါးပြမှု၊ စာ-၆၁)
- **ကြောက်ဖွယ်ကောင်းလှပေတကား။** (ခါးပြမှု၊ စာ-၆၀)
- **အကြောင်းထူးမရှိဘဲ မလာတန်ရာ။** (ကင်းစောင့်၊ စာ-၁၆၀)
- **ထွက်သွားလေပြီ။** (ခါးပြမှုနယ်ပိုင်မင်း၊စာ-၁၈၅) ဟူ၍ တွေ့ရပါသည်။

**ဝါကျဝိဘတ်မပါဘဲသုံးစွဲမှု**

ပြောဟန်ကိုအားပြုသော ဝါကျများဖြစ်သဖြင့် သိပ္ပံမောင်ဝသည် တစ်ခါတစ်ရံဝါကျဝိဘတ် မပါ သောဝါကျပြတ်များကိုလည်း ရေးတတ်သည်။ သာဓက

- **ရွာသူကြီး သင်္ဘောဆိုက်ရာသို့ ပြေး၍ဆင်သွား။** (ကင်းစောင့်၊ စာ-၁၆၀)
- **လူခွန်ငါးကျပ်အတွက် အဖမ်းခံရမည်မှာ ရှက်။** (ကင်းစောင့်၊ စာ-၁၆၁)
- **ဟော- ငွေငါးကျပ်ကိုင်ပြီး ထွက်လာ။** (ကင်းစောင့်၊ စာ-၁၆၁)
- **အတွင်းသို့ ဝင်ကြည့်ကြ။** (အင်း၀၊ စာ-၃၄)

ဤသို့ ဝါကျဝိဘတ်မပါဘဲ သုံးစွဲမှုသည် သိပ္ပံမောင်ဝတို့ခေတ်က အလွန်သုံးခဲ့သည်ကို တွေ့ရပါသည်။ ဤအဆုံးသတ်မျိုးသည် သဒ္ဒါမမှန်ဟုယူဆကြသော အဆုံးသတ်မျိုးဖြစ်ပါသည်။ သို့ရာတွင် သိပ္ပံမောင်ဝ သည် သဒ္ဒါထက် အကြောင်းအရာကို အဓိကထားပုံရပေသည်။

သာဓကပါ 'ကင်းစောင့်'မှ 'ဟော- ငွေငါးကျပ်ကိုင်ပြီးထွက်လာ။'ဟု ဝိဘတ်မပါဘဲသုံးခြင်းသည် အကြောင်းအရာဖြစ်သည့် (၁) လူတွေဝက်ကြီးတစ်ကောင်ဆွဲလာ၊ (၂)တရုတ်ခေါက်ဆွဲဆိုင်ထဲဝင်၊ (၃) ဆိုင်မှာသွားရောင်း၊ (၄)ငွေငါးကျပ်ကိုင်ပြီးထွက်လာ၊ (၅)ပြုံးပြီးသင်္ဘောထဲဆင်းသွားဟူသော လူခွန်တော် ဆောင်ပုံ အခြေအနေအဖြစ်အပျက်တစ်ခုကို ဖြတ်ကနဲ ဖြတ်ကနဲ တင်ပြလိုသည့်အတွက် အချို့ဝါကျ များသည် နောက်ဝါကျကိုအကူး လျင်မြန်လွန်းသဖြင့် ဝါကျဝိဘတ်ဖြုတ် ကာဆက်သည့် သဘောကို တွေ့ရပါသည်။ စကားတတွတ်တွတ်ပြောသူ၏ ပြောဟန်အတိုင်း ရေးထားသည့် သွက်လက်သော ရေးဟန်တစ်ခု ဖြစ်ပါသည်။

**ဝါကျတွင်း ကာရန်သုံးစွဲမှု**

ဝါကျတွင်း အသံသာယာစေမှုသဘောအဖြစ် သိပ္ပံမောင်ဝသုံးစွဲသည့် ဝါကျများတွင် ကာရန်များ သုံးစွဲမှုကြောင့် မူလအနက်ပျက်ယွင်းခြင်းမရှိသည့်ပြင် ပိုမို၍ထိရောက်မှု၊ လိုက်ဖက်မှုများရှိလာသည်ကို တွေ့ရပါသည်။ သာဓက-

- **တစ်ယောက်တည်းပင် <u>အပူမရှာသေးဘဲ ဘူတာကလေး</u>လုပ်လျက်နေပေ၏။**(စည်းစိမ်၊စာ-၅၃)
- **သည်လင်နှင့် သည်<u>မယား</u>၊ တစ်နေ့ရှာမှတစ်<u>နေ့စား</u>။** (ကင်းစောင့်၊ စာ-၁၆၁)
- **လင်ကငါးဆယ်ကျော်၊ <u>မယား</u>က<u>ငါး</u>ဆယ်နီးပါး၊ ချေး<u>ငှား</u>လို့ကလည်းမရ၊ ပိုက်ဆံကြေးငွေ ကလည်း ရှ<u>ား</u>ပါး၊ <u>အား</u>ကြီးခက်နေပြီ၊ သူတကာသနု<u>ား</u>မှ <u>စား</u>ကြရ။** (ကင်းစောင့်၊ စာ-၁၆၁)
- **မကြာမီပင်စပါးဈေးတွေကျ၊ သာယာဝတီတွင်သူပုန်တွေ<u>ကထ</u>၊ အမြို့မြို့အနယ်နယ်တွင် လူဆိုးတွေ<u>ကကြွ</u>နှင့် အလွန်ထူးသောခေတ်ကြီးနှင့် ကြုံကြိုက်လျက်ရှိပေသည်။**

(ဇေဒါ၊စာ-၁၃၉)

- **<u>မြင်း</u>နှင့် ဖျန်စိန်၊ ဖျန်စိန်နှင့်<u>မြင်း</u> စစ်<u>ခင်း</u>နေကြလေပြီ။** (မြင်းတွေ၊ စာ-၁၇၅)

- **အချိန်မှာ ငါးနာရီခွဲ၊ မိုးကလည်း ဖွဲဖွဲ၊ မှောင်ကလည်း ခပ်မှောင်မှောင်၊ နေရောင်ကလည်းမရှိ၊ စစ်ကိုင်းတောင်ပေါ်တွင် ဖြူဖြူဖွေးဖွေးနေသော စေတီအဆူဆူတို့ကို မျှော်၍ကြည့်ကာ ကြည်ညိုစွာဖူးရ၏။** (အင်း၀၊ စာ-၃၁)

ဟူသော ဝါကျများကိုတွေ့ရပါသည်။ ဝါကျတွင်းကာရန်များချိတ်၍ ရေးတတ်သဖြင့်စာဟန်မှာ ပို၍ အသံသာမှုဖြစ်ပေါ်စေပါသည်။ သာဓကပါ 'မြင်းတွေ'မှ 'မြင်းနှင့်ဖျန်စိန်၊ ဖျန်စိန်နှင့်မြင်း စစ်ခင်းနေကြ လေပြီ။'ဟု ကာရန်ချိတ်ရေးသဖြင့်အဓိပ္ပါယ်လည်းရှိ အသံလည်းပို၍သာလာ ကြောင်းသတိထားမိစေပါ သည်။

**အငြင်းဝါကျသုံးစွဲမှု**

သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများမှ ဝါကျများတွင် အငြင်းဝါကျများသုံးစွဲမှုသည်လည်း ထူးခြား ချက်တစ်ရပ်ပင်ဖြစ်ပါသည်။ အငြင်းဝါကျများကို အပုဒ်တိုင်းနီးပါး သုံးစွဲထားသည်ကိုတွေ့ရပါသည်။ သာဓက-

- **နွားကျောင်းသွားသူတွေကမရှား။ (**တို့တောရွာ၊ စာ-၂၉)

  **မောင်လူအေးမှာမူကားသူတကာကဲ့သို့ခမ်းခမ်းနားနားနေထိုင်ခြင်းကိုမနှစ်သက်။**

  (စည်းစိမ်၊ စာ၅၄)
- **တစ်ရုံးလုံးတွင် မည်သည့်အသံကိုမျှ မကြားရချေ။** (ဓါးပြမှု၊ စာ-၆၀)
- **အကြောင်းထူးမရှိဘဲ မလာတန်ရာ။** (ကင်းစောင့်၊ စာ-၁၆၀)

စသည့်အငြင်းဝါကျသုံးစွဲမှုသည် သိပ္ပံမောင်ဝ၏ ထူးခြားသောဝါကျရေးဟန် တစ်ခုအဖြစ် ကောက်ချက် ချနိုင်ပါသည်။

**သုံးသပ်ချက်**

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများတွင် တွေ့ရှိရသည့် ထူးခြားချက်များကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဤထူးခြားချက်များသည် သိပ္ပံမောင်ဝ၏ စကားပြေရေးဟန် များပင်ဖြစ်ပါသည်။

သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်များကို လေ့လာကြည့်လျှင် ထူးခြားပီပြင်မှုရှိကြောင်း တွေ့ရပါသည်။ သိပ္ပံမောင်ဝသည် ဝါကျတိုများသုံး၍ စာဟန်ကိုသွက်လက်စေကြောင်း သုံးသပ်မိနိုင်ပါသည်။ မေးခွန်း ဝါကျများ၊ မေးဖြေရေးဟန်ဝါကျများသည် စာဖတ်သူတို့အား သူတင်ပြသော အကြောင်းအရာအပေါ်တွင် စိတ်ဝင်စားမှု အာရုံမပြတ်အောင် ထိန်းပေးနေသည့် ဝါကျရေးဟန်များဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဟန်ချက်ညီဝါကျများဖြင့် အလေးအပေ့ါမဲ့တင်းသည့် ရေးဟန်သည်လည်း သိပ္ပံမောင်ဝအသုံးပြု လေ့ ရှိသည့် ရေးဟန်တစ်ခုဖြစ်ပေသည်။ ဟန်ချက်ညီဝါကျများကြောင့် သိပ္ပံမောင်ဝ၏ ရေးဟန်သည် ပို၍ပြေပြစ်မှုရှိလာသည်ဟု ဆိုနိုင်ပါသည်။

ဝါကျနောက်ဆက်များကို မူသေမထားဘဲ အစဉ်သင့်သလို သုံးစွဲတတ်ခြင်းသည်လည်း သိပ္ပံမောင်ဝ၏ရေးဟန်တစ်ခုပင် ဖြစ်ပါသည်။ ဝါကျနောက်ဆက်များ မပါဘဲသုံးစွဲခြင်းသည် တတွတ်တွတ် ပြောဟန်နှင့် တစ်ခုပြီးတစ်ခု တွေ့မြင်ရသော မြင်ကွင်းများကို အဆက်မပြတ် ပြောပြတွေးပြနေသည့် ရေးဟန်ဖြစ်သည်။

ကာရန်ချိတ်ရေးခြင်းသည်လည်း သိပ္ပံမောင်ဝ၏ရေးဟန်တစ်ခုဖြစ်၍ အငြင်းဝါကျများ သုံးစွဲခြင်းသည် ထူးခြားသော ရေးဟန်ပင်ဖြစ်ပေသည်။

သိပ္ပံမောင်ဝ၏ ထူးခြားဆုံးသော ဝါကျဖွဲ့ဟန်မှာ ဝါကျတိုများဖြင့် ရေးဖွဲ့ခြင်းပင်ဖြစ်သည်။ ဤသို့ ဝါကျတိုများသုံးစွဲခြင်းသည် အကြောင်းအရာနှင့်စိတ်အစဉ်ပေါ်မူတည်၍ သုံးစွဲထားခြင်းဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ဝါကျများကိုရေးဖွဲ့ရာတွင် သိပ္ပံမောင်ဝသည် 'မေးခွန်းဝါကျ'နှင့် 'အငြင်းဝါကျများကို အခြားသောစာရေးသူများထက် ထူးကဲစေရန်လည်းကောင်း၊ မိမိ၏ပင်ကိုယ်ဟန်အနေဖြင့် လည်းကောင်း ထူးခြားစွာရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ထို့ပြင်သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်များ၌ အသံများပါနေသည်ကိုလည်း တွေ့ရပါသည်။ ဤသို့ဖြစ်ရသည်မှာ ဝါကျများကို ပုံစံတူပုဒ်စုများဖြင့် ဟန်ချက်ညီအောင် အလေးအပေါ့မဲ့တင်းပြီး ရေးဖွဲ့ထားခြင်းကြောင့်ဖြစ်လေသည်။ ထို့ပြင်ဝါကျများ အတွင်း၌ ကာရန်နှင့် နရီစည်းဝါးများ ပါဝင်နေခြင်းသည်လည်း အသံသာသောဝါကျများအဖြစ် ထောက်ကူ ပံ့ပိုးမှုတစ်ရပ်ပင် ဖြစ်လေသည်။

ဝါကျများ၏ အဆုံးသတ်ပစ္စည်း နောက်ဆက်များပါဝင်မှု မပါဝင်မှုသည်လည်းထူးခြားချက်တစ်ရပ်ဖြစ်ပေသည်။ ဝါကျနောက်ဆက်များသည် ယေဘုယျနောက်ဆက် 'သည်'၊ '၏' ကိုချည်းမသုံးဘဲ ပြောဟန်နှင့်နီးစပ်သည့် နောက်ဆက်အမျိုးမျိုးကို ဖလှယ်၍သုံးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်တို့တွင် အသုံးပြုမှုကွဲပြားခြားပြီး၊ အတွေးအခေါ် စကားလုံးဖော်ပြမှုများထူးခြားကြောင်း လေ့လာတွေ့ရှိရပါသည်။ ဝါကျဖွဲ့ရာတွင် အသံဟန်များကိုပါ တွေ့ရသောကြောင့် သိပ္ပံမောင်ဝ၏ ဝါကျရေးဟန်သည် အခြားစာရေးသူများနှင့်မတူဘဲ စာရေး သူ၏ သွင်ပြင်မှုရာများပါဝင်သည့် ပင်ကိုယ်ဖွဲ့ဟန်များကို အလေးပေးရေးဖွဲ့ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ စကားပြေရေးဟန်များထဲမှ ဝါကျဖွဲ့ဟန်ကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်များတွင် အကြောင်းအရာနှင့်စာသည် လိုက်ဖက်ညီသည်ဟုဆိုရပေမည်။ 'ခားပြမှု'တွင် အမှုအခင်းစစ်ဆေးသည့် အကြောင်းအရာပေါ်လွင်အောင် တရားခွင်သုံးစကားလုံးများကို သုံးစွဲခြင်း၊ 'နယ်ပိုင်မင်း'တွင် ရုံးခန်းဝင်းတစ်ခု၏ သွင်ပြင်မှုရာ စကားလုံးများကို သုံးစွဲခြင်း၊ 'တို့တောရွာ'တွင် တောရွာအခြေအနေများကို ရေးဖွဲ့ရာ၌တောသုံး၊ ရွာသုံးစကား၏ အသုံးအနှုန်းကို ရွေးချယ်သုံးနှုန်းခြင်းတို့ကြောင့် လိုက်ဖက်မှုရှိလာရသည်ဟု ဆိုချင်ပါသည်။ ထို့ပြင် စကားလုံး၊ ဝါကျတို့သည်လည်း သူ့နေရာနှင့်သူရှိသည့်အတွက် လိုက်ဖက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။

ဤစာတမ်းသည် သိပ္ပံမောင်ဝ၏ စကားပြေ(၁၀)ပုဒ်မှ ဝါကျဖွဲ့ဟန်များကို ဖော်ထုတ်လေ့လာခြင်းဖြစ်သော်လည်း ဤဖော်ထုတ်လေ့လာချက်သည် သိပ္ပံမောင်ဝ၏ စကားပြေအားလုံးလေ့လာခြင်းနှင့်အကျုံးဝင်ပါသည်။ ယခုဖော်ပြချက်သည် သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်ကို လုံးဝပြီးပြည့်စုံအောင် ဖော်ထုတ်ထားခြင်းဟုမဆိုလိုပါ။ ထို့ကြောင့်သိပ္ပံမောင်ဝ၏ ဝါကျဖွဲ့ဟန်နှင့်ပတ်သက်၍ ဆက်လက်လေ့လာဖော်ထုတ်သင့်ကြောင်း တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ခင်မင်၊မောင် ။(၂၀၀၉)။(ဓနုဖြူ)***စကားပြေသဘောတရားစကားပြေအတတ်ပညာ***။ ရန်ကုန်၊ပန်းရွှေပြည်ပုံနှိပ်တိုက်။

ခင်မင်၊ မောင် ။(၂၀၁၁) ။(ဓနုဖြူ)***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်အေး၊ ဦးနှင့်မောင်ထင်။ ***မြန်မာစကားပြေစာတမ်းများ***၊ပထမတွဲ၊ စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်။

စိုးနိုင်၊ဒေါက်တာ။။(၂၀၁၉)***ဆရာဇော်ဂျီ၏စကားပြေရေးဟန်***။ရန်ကုန်၊ထွန်းဖောင်ဒေးရှင်း။

ဇော်ဂျီ။။(၂၀၀၄)***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချို၊ ဒုတိယအကြိမ်။

တာရာ၊ဒဂုန်။ ၁၉၆၇။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ရန်ကုန်၊နံ့သာ။

ဖေမောင်တင်၊ ဦး။ ၁၉၆၇။ ***မြန်မာဝါကျဖွဲ့ထုံးကျမ်း***။ ရန်ကုန်။

မိုးမြေ၊မ။။(၂၀၀၈)***ဆရာဇော်ဂျီနှင့်ရသစာတမ်းရှင်တို့၏ တွေးဟန်နှင့်ရေးဟန်များ***။ ရန်ကုန်၊ရွှေကံ့ကော်ပုံနှိပ်တိုက်။

မောင်ဝ၊ သိပ္ပံ။ ၁၉၇၇။ ***ခေတ်စမ်းစာပေအထွေထွေ***။ ရန်ကုန်၊ စပယ်ဦး။

မောင်ဝ၊ သိပ္ပံ။ ၂၀၀၄။ ***ဝတ္ထုဆောင်းပါးများ***။ ရန်ကုန်၊ ယုံကြည်ချက်စာပေ။(ကျောက်တံတား)

မြဇင်နှင့်အခြား။။(၁၉၈၇)***စာတမ်းငယ်စာပေစာတမ်းများ(တွဲ-ပ)***။ ရန်ကုန်၊ စာပေဗိမာန်။

မြသန်းတင့်။။(၂၀၁၇)***နိုင်ငံတကာရသစာတမ်းငယ်များ(ပထမအုပ်)***။ရန်ကုန်၊ နှစ်ကာလများစာပေ။

မြန်မာအဘိဓာန်။ ရန်ကုန်၊(၂၀၁၈)။(တတိယအကြိမ်) မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်သင်း။ ။(၂၀၁၇)***စာပေရေးရာဆောင်းပါးများ***။ ရန်ကုန်၊စိတ်ကူးချိုချိုစာပေ။

### အင်တာနက်အကိုးအကား

Caulfied, J (2023, July, 23) https://www.Scribbr.com/ academic-essay/ essay-types/